ပရိတ်သတ်သည် လက်ခုပ်သံမစဲ အားပေးကြလေ၏ ။ ၎င်းတို့နှစ် ဦးသည် အသည်းအသန်ထိုးသတ်နေကြ၏ ။ ညိုကြီး၏ အပေါင်းအသင်း ဆိုးသွမ်းလူငယ်လေးများ သည် မြင်မကောင်းအောင် အားပေးနေကြလေ၏ ။

ကံသာသည် ညိုကြီး၏ ရင်ဝကို ဒူးပုံဖြင့် ခုန်၍ တိုက်လိုက်လေ၏ ။ မိမိရရထိသွားသော ကြောင့် ညိုကြီးလဲကျသွားလေတော့၏ ။ ကြိုး ဝိုင်းဒိုင်မှ အမှတ်စဉ်ခေါ်၏ ။ ညိုကြီးသည် အမှတ်စဉ် (၅) သို့ရောက်သော အခါ လူးလဲ၍ ထလာလေ၏ ။

ပရိတ်သတ်က တစ်ခဲနက် အားပေးလေ၏ ။ ပြန်လည်၍ ယှဉ်ပြိုင်ထိုးသတ်ကြပြန်လေ၏ ။ ညိုကြီး ကန်လိုက်သော ခြေကို ရှောက်ရင်း ကံသာသည် ‘ ဂျက် ’ ခေါ် ဘယ်လက်သီးဖြင့် ညိုကြီး၏ မျက်နှာကို မိမိရရ ထောက်လိုက်ရာ ညိုကြီးသည် အရုပ်ကြိုး ပြတ် ပုံကျသွားလေတော့၏ ။ အမှတ်စဉ်ခေါ်၍ မရတော့ပေ။ ထမ်း၍ ထုတ်သွားရလေတော့၏ ။

ထိုအခါ လက်ဝှေ့ကြေညာသူက အနိုင်ဖြင့် လက်ဝှေ့ရေး ပြရန် ကံသာအား ကြေညာသော ကြောင့် ကံသာသည် ဆိုင်းချက်နှင့် အညီ လက်ဝှေ့ရေး ကို လှလှပပ ပြလေတော့၏ ။

ထိုနေ့ လက်ဝှေ့ပွဲ၌ ထိုးသမျှလက်ဝှေ့သမားများ ထဲတွင် ကံသာ၏ ထိုးလုံးသတ်ပေါက်ကို လူအများ က သဘောကျကြလေ၏ ။ နောက်တစ်နေ့တွင် ကံသာသည် ‘ မိုလ်မထား ’ ဆိုသော ရပ်ကွက်ဆိုးသွမ်းလူငယ်တစ်ဦးနှင့် တွဲ၍ ကျပြန်လေ၏ ။

ထိုပွဲ၌ လည်း ကံသာသည် ‘ မိုလ်မထား ’ ၏ ခေါင်းကိုချုပ်၍ ဒူးဖြင့် တိုက်လိုက်ရာ ‘မိုလ်မထား’ နှစ် ချီ၌ မှာ ပင် ထမ်း၍ ထုတ်သွားရလေ၏ ။ လက်ဝှေ့စင်ပေါ်မှ ကံသာဆင်းလာသော အခါ၌ ဆရာဝန်ကြီးဦးမြဖူးက ကံသာအား လက်ဆွဲနှုတ်ဆက်လေ၏ ။ မြရည်ကလည်း ကံသာအား ချီးသုတ်ရန်အတွက် အသင့်ယူလာသော ‘လပ်ဖား’ ဟု စာတမ်းထိုးထားသည့် မျက်နှာသုတ်ပုဝါလှလှလေးတစ်ထည်ကို လက်ဆောင်ပေးလိုက်လေ၏

